# နိုင်ငံအဝှမ်း လူသားချင်းစာနာမှုဆိုင်ရာ အချက်အလက်ကောက်ယူမှုစံနှုန်းများ


မြန်မာ သတင်းအချက်အလက်စီမံခန့်ခွဲမှုကွန်ယက် (IMN)


၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ


## တည်နေရာ

**တည်နေရာ အညွှန်း သင်္ကေတများ (PCodes)**

**နှင့်**

**တည်နေရာ အမည်များ**

နေရာဒေသ သတင်းအချက်အလက် အဆင့်

- ပြည်နယ်
- မြို့နယ်
- ကျေးရွာအုပ်စု/မြို့
- ရပ်ကွက်/ကျေးရွာ (သို့မဟုတ်) ယာယီနေထိုင်ရာ စခန်း

ဖြစ်နိုင်လျှင်GPS ဖြင့် တည်နေရာ ဖော်ပြရန်

## အသက်/လိင်

**လိင်**

ကျား/မ

**အသက်အုပ်စု**

- ၆ လ
- ၁ နှစ်
- ၂ နှစ်
- ၃ နှစ် (ပညာရေး ဆိုင်ရာ)
- ၅ နှစ်
- ၁၁ နှစ်
- ၁၅ နှစ် (ပညာရေး ဆိုင်ရာ)
- ၁၈ နှစ်
- ၂၄ နှစ်
- ၄၉ နှစ်
- ၆၀ နှစ်

## ထိခိုက်ခံစားရသူဦးရေ/နေရာထိုင်ခင်း၊ အမျိုးအစား

- **နိုင်ငံ အတွင်း ရွှေ့ပြောင်း ခံရသူများ**
  - ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော ယာယီစခန်းများ
  - စီမံကိန်းအရ တည်ဆောက်ထားသော ယာယီစခန်းများ
  - စုစည်းရန် သတ်မှတ်ထားသော သီးသန့်နေရာများ
  - ပုဂ္ဂလိကနေရာထိုင်ခင်းများ
  - မူလကျေးရွာ အတွင်း (မှန်/မမှန်)
- မူရင်းဒေသသို့ ပြန်လာသော နေရာရွှေ့ပြောင်းခံပြည်သူများ
- ပြန်လည်အခြေချနေထိုင်သော နေရာရွှေ့ပြောင်းခံပြည်သူများ
- ဒေသခံလူ့အဖွဲ့အစည်းမှ ပြည်သူများ
- ဘေးဒုက္ခအကျပ်အတည်း ထိခိုက်ခံစားရသူများ
- ဘေးပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်းမှ ပြည်သူများ

- **ဒုက္ခသည်များ**
  - ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော ယာယီစခန်းများ
  - စီမံကိန်းအရ တည်ဆောက်ထားသော ယာယီစခန်းများ
  - စုစည်းရန်သတ်မှတ်ထားသော သီးသန့်နေရာများ
  - ပုဂ္ဂလိကနေရာထိုင်ခင်းများ
- **မူရင်းဒေသသို့ ပြန်လာသော ဒုက္ခသည်များ**
  - နဂိုမူရင်းဒေသသို့ ပြန်လည်အခြေချသူ
  - မူရင်းဒေသမဟုတ်သော အခြားနေရာ ဒေသသို့ပြန်လည်အခြေချသူ

လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များ ရှိသည့် အခြားသော ထိခိုက်လွယ်သူများ

နိုင်ငံမဲ့ပုဂ္ဂိုလ်များ

## သွားရောက်ရန် လွယ်ကူမှုမရှိခြင်း

**သွားရောက်ရန် လွယ်ကူမှု မရှိသည့် နေရာများ?**

(မှန်/ မမှန်)

အခြေခံ ဝန်ဆောင်မှုများ ရရှိနိုင်မှုတွင် အကန့်အသတ်များ ရှိနေသော လူမှု အဖွဲ့အစည်းများ

## ဘေးအန္တရာယ်များကို ပင်ကိုယ်ခံနိုင်စွမ်းအားနည်းကြသူများ

- အထူးပညာရေးဝန်ဆောင်မှု လိုအပ်နေသော ကလေးသူငယ်များ
- အန္တရာယ်ကျရောက်မှုရှိနိုင်သော ကလေး (သို့မဟုတ်) အရွယ်ရောက်စလူငယ်များ
- အုပ်ထိန်းသူမဲ့နေသော ကလေးသူငယ်များ
- ကျောင်းမနေသောကလေးများ
- မိဘများနှင့် ကွဲကွာနေသောကလေးများ
- GBV ကြောင့်အသက်ရှင်နေထိုင်ရန်(သို့မဟုတ်) အန္တရာယ်ရှိနေနိုင်သော ယောက်ျား၊ မိန်းမများ
- ကိုယ်ဝန်ဆောင်အမျိုးသမီးများ
- နို့တိုက်မိခင်များ
- အန္တရာယ်ရှိနေနိုင်သော အသက်ကြီးရင့်သူများ
- မသန်မစွမ်းသူများ
- ကလေးသူငယ်ဦးဆောင်နေရသော အိမ်ထောင်စုများ
- မိဘရင်းတစ်ဦးတည်းသာရှိသော အိမ်ထောင်စုများ
- အာဟာရချို့တဲ့နေသောတစ်ယောက်တည်းနေသူများ
- အစားအစာလုံလောက်မှုမရှိသော အိမ်ထောင်စုများ
- ဆေးကုသခံယူရန်အလွန်အမင်းလိုအပ်နေသူများ



## ထိခိုက်ခံစားရသူလူဦးရေအမျိုးအစားများ - အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**နိုင်ငံအတွင်းနေရာ ရွှေ့ပြောင်းခံရသူများ** - နိုင်ငံအတွင်း နေရာရွှေ့ပြောင်းခံရမှုဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများအရ အဓိပ္ပါယ်ဖွင့်ဆိုရလျှင် နိုင်ငံအတွင်းနေရာ ရွှေ့ပြောင်းခံရသူများ (သို့မဟုတ်) အုပ်စုဆိုသည်မှာ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်ကိုမကျော်လွန်ဘဲမိမိတို့ မူရင်းနေထိုင်နေသောအိမ်ရာ (သို့မဟုတ်) ဒေသများမှမလွှဲရှောင်သာ၍သော်လည်းကောင်း ဖိအားပေး၍သော်လည်းကောင်း ပြောင်းရွှေ့ခံရသူများကိုခေါ်ပါသည်။

**မူလရပ်ရွာအတွင်းရှိရွှေ့ပြောင်းနေထိုင်ကြသူများ (မည်သည့်နေထိုင်ရာအိမ်ရာမဆိုနေရာရွှေ့ပြောင်းခြင်းခံရသူ)** - မူလရပ်ရွာအတွင်းနေရာရွှေ့ပြောင်းခြင်းခံရသူဆိုသူမှာ မူလနေထိုင်ရာ ရပ်ကွက်/ရွာအတွင်း၌ပင် ရွှေ့ပြောင်းနေရာချခြင်းခံရသူများကိုခေါ်ပါသည်။ မည်သည့်အိမ်ရာ အမျိုးအစားမှ မဆိုနေရာရွှေ့ပြောင်းခြင်းခံရသူများကိုရည်ညွှန်းပါသည်။

**ဒုက္ခသည်များ** - ၁၉၅၁ ခုနှစ်ဒုက္ခသည်များဆိုင်ရာညီလာခံ၏ဆုံးဖြတ်ချက်အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ လူမျိုးရေး၊ ဘာသာရေး၊ အမျိုးသားရေး အထူးလူမှုရေးအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း (သို့မဟုတ်) နိုင်ငံရေးအမြင်ဝါဒများကြောင့် နှိပ်စက်ညှင်းပန်းခံရမည်ကို ကြောက်ရွံ့၍ မိမိ၏နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းနေထိုင်ရသူနှင့် မိမိနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင်မရှိခြင်း (သို့မဟုတ်) မခံရခြင်း (သို့မဟုတ်) လုံခြုံမှုမရှိခြင်းဖြင့် နေထိုင်ရသူများကိုခေါ်ပါသည်။

## နေရာရွှေ့ပြောင်းခံရသူများ (သို့မဟုတ်) ဒုက္ခသည်များ၏နေရာထိုင်ခင်းအမျိုးအစားများ

**စီမံကိန်းချဆောင်ရွက်ထားသောယာယီစခန်းများ** - အခြေခံအဆောက်အဦးနှင့် လိုအပ်သော ဝန်ဆောင်မှုများ (ဥပမာ - ရေသန့်နှင့်ရေပုံပိုးမှု၊ အစားအစာခွဲဝေမှု၊ အခြေခံလူသုံးကုန်၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု) စသည်တို့ကိုပေးသည့်တရားဝင်အခြေစိုက်တည်ထောင်ထားသော စခန်းကိုခေါ်သည်။

**သတ်မှတ်ထားသောစုစည်းရန်သီးသန့်နေရာများ** - တည်ရှိပြီးပြည်သူပိုင်အဆောက်အဦများ - ဥပမာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်း၊ လူမှုအဖွဲ့အစည်းခန်းမ၊ ဂိုဒေါင်၊စာသင်ကျောင်းစသည်များ။

**ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော ယာယီစခန်းများ** - နိုင်ငံအတွင်း နေရာရွှေ့ပြောင်းခံရသူများမှ အစီအစဉ်မရှိဘဲ ချက်ခြင်းလက်ငင်းစီစဉ်လိုက်ရသော ယာယီစခန်းများ။

**ပုဂ္ဂလိကနေရာထိုင်ခင်းများ** - မိသားစုပိုင်အိမ်များ၊ ခြံဝင်းများ (သို့မဟုတ်) အခြားပုဂ္ဂလိကနေရာထိုင်ခင်းများ၊ ငှားရမ်းထားသောအိမ်များ။

**မူရင်းဒေသသို့ပြန်လာသော ရွှေ့ပြောင်းခံရသူများ** - အစိုးရ (သို့မဟုတ်) ဒေသခံအာဏာပိုင်များ၏ ခွင့်ပြုချက်အရမူလနေရာသို့ပြန်လည်လာရောက်အခြေချနေထိုင်ကြသော နေရာရွှေ့ပြောင်းခံရသူများကိုခေါ်သည်။

**ပြန်လည်အခြေချနေထိုင်ကြသောနေရာ ရွှေ့ပြောင်းခံရသူများ** - အစိုးရ (သို့မဟုတ်) ဒေသခံအာဏာပိုင်များ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံအတွင်းရှိ မူလနေထိုင်ရာ ဒေသမဟုတ်သည့် အခြားနေရာသို့ ပြန်လည်၍ အခြေချ နေထိုင်ကြသူများ။

**ဘေးဒုက္ခအကျပ်အတည်းထိခိုက်ခံစားရသူပုဂ္ဂိုလ်(ရွှေ့ပြောင်းနေထိုင်ကြသူမပါ)** - နေရာရွှေ့ပြောင်းခံရသည့်သူများမဟုတ်ဘဲသဘာဝဘေးအန္တရာယ်(သို့မဟုတ်) လူလုပ်သောပဋိပက္ခကြောင့် တိုက်ရိုက် ဒုက္ခအကျပ်အတည်း ထိခိုက်ခံစားနေပြီး လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများလိုအပ်နေသူများ။

**ဒေသခံလူ့အဖွဲ့အစည်းအတွင်းရှိပြည်သူများ** - ဒေသခံလူ့အဖွဲ့အစည်းအတွင်းရှိများပြားလှသော ဒုက္ခသည်များ (သို့မဟုတ်) နိုင်ငံအတွင်း နေရာရွှေ့ပြောင်းခံရသည့်ပုဂ္ဂိုလ်များကိုလက်ခံထားသော ဒေသခံ လူမှုအဖွဲ့အစည်းများ အထူးသဖြင့်ဒုက္ခသည်စခန်းအတွင်းရှိလူ့အဖွဲ့အစည်း (သို့မဟုတ်) ဒေသခံပြည်သူများ။

**ဘေးပတ်ဝန်းကျင်ရှိလူ့အဖွဲ့အစည်းမှပြည်သူများ** - မိမိပတ်ဝန်းကျင်ကျေးရွာများအတွင်းသို့များပြားလှသည့်နိုင်ငံအတွင်းနေရာ ရွှေ့ပြောင်းခံရသူများ ကြောင့်ဘေးပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှု ခံစားရသောပြည်သူများ။

**ပြန်လာသောဒုက္ခသည်များ** - အစိုးရ (သို့မဟုတ်) ဒေသခံအာဏာပိုင်တို့၏ ခွင့်ပြုချက်အရ မိမိ၏ နိုင်ငံအတွင်းသို့ ပြန်လည်၍ အတည်တကျအခြေချနေထိုင်ကြသော ဒုက္ခသည်များ။

- **မူရင်းဒေသသို့ ပြန်လာသူများ**
- **မူရင်းဒေသမဟုတ်သော အခြားနေရာဒေသသို့ ပြန်လာသူ**

**လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များရှိသည့် အခြားသော ထိခိုက်လွယ်သူများ** - ယခင်အမျိုးအစားများနှင့် မသက်ဆိုင်သော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များရှိသည့် ထိခိုက်လွယ်သူများကို ပံ့ပိုးပေးခြင်း။

**နိုင်ငံမဲ့ပုဂ္ဂိုလ်များ** - နိုင်ငံမဲ့ပုဂ္ဂိုလ်ဆိုသည်မှာ ၎င်း၏ဥပဒေအရ မည်သည့်နိုင်ငံမှ နိုင်ငံသားအဖြစ် သတ်မှတ်ခြင်း မပြုသော ပုဂ္ဂိုလ်ဖြစ်သည်။

**သွားရောက်ရန်လွယ်ကူမှုမရှိသည့်နေရာများ** - မည်သည့်ထိခိုက်ခံစားရသူလူဦးရေအုပ်စုမဆို ပါဝင်ပြီး အခြေခံဝန်ဆောင်မှုများ ရရှိနိုင်မှုသည် အကန့်အသန်များဖြင့် ရှိနေသည့်နေရာများ။

## ဘေးအန္တရာယ်များကို ပင်ကိုခုခံနိုင်စွမ်းအားနည်းကြသူများ (တစ်ခုထက်ပိုသောဘေးအန္တရာယ်များကို ပင်ကိုခုခံနိုင်စွမ်းအားနည်းကြသူများကို လည်းခေါ်ပါသည်။)

**အန္တရာယ်ကျရောက်မှုရှိနိုင်သောကလေး (သို့) အရွယ်ရောက်စလူငယ်များ** - မိသားစုနှင့် ကွဲကွာနေသော (သို့) အုပ်ထိန်းသူမဲ့နေသောသူဖြစ်ပြီး အန္တရာယ်ကျရောက်မှုကိုကာကွယ်ပေးမှု လုံးဝကင်းမဲ့နေသောကလေး (သို့မဟုတ်) အရွယ်ရောက်စကလေးသူငယ်များ ဖြစ်သည်။ ယင်းအမျိုးအစားတွင်အရွယ်မတိုင်မီထိမ်းမြားမှု၊ ကလေးသူငယ်အလုပ်သမားများ၊ ကလေးစစ်သားများအဖြစ် စုဆောင်းခံရမှုနှင့် တာဝန်ထမ်းဆောင်ရမှု၊ နှိပ်စက်မှုနှင့်မတရားပြုကျင့်မှုများ ခံစားရပြီးမှ အသက်ရှင်ကျန်ရစ်ခဲ့သူများ။

**အုပ်ထိန်းသူမဲ့နေသောကလေးသူငယ်များ** - ဥပဒေ (သို့မဟုတ်) ဓလေ့ထုံးစံအားဖြင့် တာဝန်ယူစောင့်ရှောက်သူကင်းမဲ့နေသည့် မိဘ ၂ ပါးစလုံးနှင့်ဖြစ်စေ (သို့မဟုတ်) အခြားဆွေမျိုးများဖြစ်စေ၊ သီးခြားစွာရပ်တည်နေရသော ယောကျာ်းတစ်ဦး (သို့မဟုတ်) မိန်းကလေးတစ်ဦးကို ခေါ်သည်။

**မိဘများနှင့်ကွဲကွာနေသောကလေးများ** - သူတို့၏ မိဘ (သို့မဟုတ်) ဥပဒေအရ အုပ်ထိန်းသူ (သို့) အုပ်ထိန်းမိဘများ (အခြားဆွေမျိုးများ အကျုံးမဝင်ပါ) နှင့် ကွဲကွာနေပြီးသော ယောကျာ်းလေးများနှင့် မိန်းကလေးများဖြစ်သည်။ ယင်းမိသားစု နှင့်ကင်းကွာနေသော ယောကျာ်းလေးနှင့် မိန်းကလေးသည် အခြားမိသားစုဝင်များနှင့် နေထိုင်နေခြင်းသည်လည်း အကျုံးဝင်သည်။

**မိဘတစ်ဦးတည်းရှိသောအိမ်ထောင်စုများ** - မိဘရင်းတစ်ဦးတည်းကသာ ဦးဆောင်နေရသည့် အိမ်ထောင်စုဖြစ်ပြီး ယင်းအိမ်ထောင်စုအတွင်းတွင်ကလေးတစ်ဦး (သို့မဟုတ်) ကလေးသူငယ်များပါဝင်သည်။ ဤနေရာတွင် မိသားစု(သို့မဟုတ်) အိမ်ထောင်စုသည်ဒုတိယမိဘများ (မိထွေး၊ ပထွေး) ၏ မိသားစုများ (သို့) အိမ်ထောင်စုများ၏ အစိတ်အပိုင်းဖြစ်နေခြင်းတို့ပါဝင်သည်။

**ကလေးသူငယ်ဦးဆောင်နေရသောအိမ်ထောင်စုများ** - အသက် ၁၈ နှစ်အောက်အရွယ်ရှိ မိမိအိမ်ထောင်စုကို မိန်းကလေးတစ်ဦး (သို့မဟုတ်) ယောကျာ်းလေးတစ်ဦးတည်းက ဦးဆောင်နေသော အိမ်ထောင်စု ကိုခေါ်ပါသည်။

**ကျောင်းမနေသောကလေးများ** - ကျောင်းလုံးဝမနေသောကလေးများ (သို့မဟုတ်) ကျောင်းထွက်ထားသော ကလေးများပါဝင်ပါသည်။

**ပညာရေးဝန်ဆောင်မှုအထူးလိုအပ်နေသောကလေးသူငယ်များ** - မျှော်မှန်းထားသောပညာရေးပန်းတိုင်သို့ရောက်ရှိရန်အတွက်ကျောင်းတွင်အထူးပညာရေးဝန်ဆောင်မှုများ လိုအပ်နေသောကလေးငယ်များဖြစ်သည်။

**ကိုယ်ဝန်ဆောင်အမျိုးသမီးများ** - ကိုယ်ဝန်ရှိနေသောအမျိုးသမီးများကိုခေါ်သည်။

**မိခင်နို့တိုက်ကျွေးသော အမျိုးသမီးများ** - အသက် ဝ မှ ၂၃လ အတွင်း ကလေးများကို မိခင်နို့တိုက်ကျွေးနေသော အမျိုးသမီးများ။

**GBV ကြောင့်အသက်ရှင်နေထိုင်ရန် အန္တရာယ်ရှိနေသောယောကျာ်းများ** - အမျိုးသားနှင့်အမျိုးသမီး မတူညီမှုအပေါ်အခြေခံ၍ ဖြစ်ပေါ်သော လူမှုရေးအကြောင်းရင်းများကြောင့်အမျိုးသားတစ်ဦးသည် ကိုယ်ပိုင်ဆန္ဒမပါဘဲ မည်သည့်နာကျင်စေသေ ပြစ်မှုကျူးလွန်ခြင်းမှလွတ်မြောက်လာသူ(သို့မဟုတ်) အန္တရာယ်ကျရောက်နေသူ။

**GBV ကြောင့်အသက်ရှင်နေထိုင်ရန် အန္တရာယ်ရှိနေသောမိန်းမများ** - အမျိုးသားနှင့် အမျိုးသမီး မတူညီမှုအပေါ် အခြေခံ၍ ဖြစ်ပေါ်သော လူမှုရေးအကြောင်းရင်းများကြောင့်အမျိုးသမီးတစ်ဦးသည် ကိုယ်ပိုင်ဆန္ဒမပါဘဲ မည်သည့်နာကျင်စေသောပြစ်မှုကျူးလွန်ခြင်းမှလွတ်မြောက်လာသူ (သို့မဟုတ်) အန္တရာယ်ကျရောက်နေသူ။

**ဆေးကုသမှုခံယူရန်အလွန်အမင်းလိုအပ်နေသူများ** - ပြန်လည်ထူထောင်မှု(သို့မဟုတ်) မိမိအိမ်သို့ ပြန်လာရန်အတွက် ဆေးကုသမှုခံယူရန် (သို့မဟုတ်) ဆေးဆက်လက်ကုရန် အထူးဦးစီးပေးရန် လိုအပ်နေသူများကို ခေါ်သည်။

**အန္တရာယ်ရှိနိုင်သောအသက်ကြီးရင့်သူများ** - လူမှုအဖွဲ့အစည်းအတွင်းရှိအသက်ကြီးရင့်သည့်ပုဂ္ဂိုလ်များ၊ ပုံမှန်အားဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံအရ အသက်၆၀ နှစ်(သို့မဟုတ်) ၆၀ ထက်ကျော်သူအမျိုးသား (သို့မဟုတ်) အမျိုးသမီးများ။

**အစားအစာမလုံလောက်မှု(သို့မဟုတ်) အခက်အခဲရှိသောအိမ်ထောင်စုများ** - Food security Cluster မှ သတ်မှတ်ထားသောအခြေခံရည်ညွှန်းကိန်း ၂၁ ချက်တွင် အကျုံးဝင်သည့် ဝင်ငွေပြည့်စုံမှုနှင့် ဈေးကွက်လက်လှမ်းမှီမှုနှင့် အစားအစာရရှိနိုင်မှုများတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသူများကို ခေါ်သည်။

**အဟာရချို့တဲ့နေသူများ** - ကျန်းမာရေးကောင်းမွန်ပြီး သန်မာနိုင်ကြားသော ဘဝကိုရရှိစေရန်အတွက် လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုနှင့်စောင့်ရှောက်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်မှုနှင့်သင့်တင့်မျှတသော အာဟာရပြည့်ဝသည့် အစားအစာရရှိမှု အခြေအနေများမှလက်လှမ်းမှီခြင်း ကင်းဝေးနေသူများ။

**မသန်မစွမ်းသူများ** - ရုပ်ပိုင်းဆိုင်ရာ၊ အာရုံပိုင်းဆိုင်ရာ၊ သင်ကြားမှုပိုင်းဆိုင်ရာ စသည်တို့တွင် ရေရှည်ချို့ယွင်းမှုများကြောင့် လူမှုအသိုင်းအဝိုင်းအတွင်း အခြားသူများနှင့်တန်းတူရည်တူ အပြည့်အဝနှင့် စွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်ရန် ထာဝရအားဖြင့်သော်လည်းကောင်း အကန့်အသတ်ဖြင့် နေထိုင်အသက်ရှင်နေရသူများ။

**တိကျသောတရားဥပဒေနှင့်ရုပ်ပိုင်းဆိုင်ရာကာကွယ်ပေးမှုလိုအပ်နေသူများ** - အခြားမည်သည့်အမျိုးအစားများတွင် ပါဝင်မှုမရှိဘဲ အထူးသဖြင့်သီးခြားစဉ်းစားရမည့်အခြေအနေအရ လိုအပ်ချက်များရှိနေသူများ (ဥပမာ-နှိပ်စက်ညှင်းပန်းမှု (သို့) ရက်စက်သော အကြမ်းဖက်မှုမှလွတ်မြောက်လာသူများ၊ အထူးသဖြင့် လူမျိုးရေး (သို့) ဘာသာရေးအုပ်စုများ၏အဖွဲ့ဝင်များ (သို့) အခြားကာကွယ်စောင့်ရှောက်မှုလိုအပ်နေသူများ)